လှိုင်စာပေ

မြပုလဲခင်

လွင်ပြင်ဝါ

လုံးချင်းဝတ္ထုသစ်

Concept & Creation - Myat Thu Ya

အပိုင်း(၁)

အိုဘယ့်ဧည့်သည်

(၁၉၆၄ ခုနှစ် ကာလအပိုင်းအခြား)

တောင်စခန်းမြို့ကလေး တစ်မြို့။

အေးချမ်းသာယာပြီး ဒုစရိုက်မှုက ကင်းရှင်းသလောက် ဖြစ်သဖြင့် ဒုရဲအုပ် ဦးဝမ်းကိုကိုမှာ စိတ်ချမ်းသာ သယောင်ယောင် ရှိသော်လည်း မြို့ရွာ လုံခြုံရေးကိုတော့ မပြတ်သတိဖြင့် စောင့်ရှောက်လျက် ရှိလေသည် ။

တစ်ဦးတည်းသော သမီး သံစဉ်နွေးကိုလည်း ကျောင်းကြိုကျောင်းပို့ မပြတ်တမ်း လုပ်နိုင်ခဲ့လေသည် ။

ပြည်နယ်ကျောင်း ဖြစ်သဖြင့် တစ်နေကုန် ကျောင်းဖြစ်သည် ။ သံစဉ်နွေးကို နံနက် ၉နာရီ ကျောင်းတက်အမီ ကျောင်းပို့ပြီး ညနေ ၃နာရီခွဲ ကျောင်းဆင်းချိန်တွင် ကျောင်းကြိုပေးရသည့် အလုပ်ကိုလည်း နိစ္စမူဝတာဝန် တစ်ရပ်အနေဖြင့် ထမ်း ဆောင်ပေးလေသည် ။

အဘယ်ကြောင့် ဆိုသော် ... သမီးသံစဉ်နွေးသည် ဆိုင်ကယ်စီးရခြင်းကို အင်မတန် နှစ်သက်သူ ဖြစ်သည် ။ စက်ဘီးနှင့်ကြိုလျှင် မကြိုက်တတ်။ ဆိုင်ကယ်ကိုတောင် မြန်မြန်မောင်းမှ အားရကျေနပ်စွာ ပျော်ရွှင်တတ်သူ ဖြစ်သည် ။

မှတ်မှတ်ရရ ... ဒီနေ့ အေးချမ်း သာယာနေသော သူတို့ တောင်စခန်းမြို့လေးအား လှုပ်လှုပ်ရှားရှား ဖြစ်သွားအောင် ဖန်တီးလိုက်သော ရာဇဝတ်မှုတစ်ခု ဖြစ်ပွားလေသည် ။

မြို့မျက်နှာဖုံးဖြစ်သော မြို့နားအနီး ချုပ်စပ်ရွာများမှ ထွက်ကုန်များကို ဝယ်ယူလှောင်ထားပြီးမှ ရန်ကုန် - မန္တလေးမှ ကုန်သည် အဝယ်တော်များ ဆင်းလာချိန်တွင် ပြန်ရောင်းသည့် ပွဲစားကြီး၏ အိမ် ဓားပြအတိုက်ခံရသည့်အမှု ဖြစ်ပွားသဖြင့် အလုပ်များ သွားသည် ။ ဦးနှောက်လည်း စားသွားသည် ။

ငြိမ်သက်နေသော ကန်ရေပြင်ထဲ ခဲကျပြီး လှိုင်းဂယက် ထသွားသည့်နှယ် ဖြစ်နေလေသည် ။

‘ဆရာ ဆရာ သမီး ကြိုဖို့ ’

‘ဟာ ဟုတ်ပါရဲ့ ’

ဦးဝမ်းကိုကို နာရီကို ကြည့်လိုက်သည် ။

‘ဗုဒ္ဓေါ နာရီဝက်တောင် လွန်သွားပြီ သွားကြို ပေးလိုက်ဦးမယ်။ ပြန်လာမယ်’

အလုပ်က လက်စမသတ် နိုင်သေး။

သမီးဇောဖြင့် အလုပ်ကို ခေတ္တထားခဲ့ပြီး ဆိုင်ကယ်ဖြင့် သမီးကျောင်းရှိရာသို့ အပြေးလေး နှင်ရလေသည် ။

***

သံစဉ်နွေးက ကျောင်းဂိတ်ပြင်ပရှိ စိန်ပန်းပြာပင်ကြီး၏ ပင်စည်ကို ပတ်လည် ဝန်းရံကာ ဆောက်ထားသော ကွပ်ပျစ်ဝိုင်းကလေးပေါ်၌ ကျောပိုးအိတ်နှင့် ခြင်းတောင်းလေးကို ပစ်တင်ထားလိုက်ပြီး တုတ်တစ်ချောင်းနှင့် ကြမ်းပြင်တွင် ရေးခြစ်ကာ ပုံဆွဲနေလေသည် ။

ကျောင်းဆရာမက ဘောလုံးလေးတွေ တစ်လုံးကို တစ်(၁) ဟူသော ဂဏန်း သင်သည် ။ နှစ်ဆို (၂) ဘောလုံး(၂)လုံး။

ဒါကို သံစဉ်နွေး သဘောကျသည် ။

နောက် ပန်းလေးတစ်ပွင့် (၁)

စသည် ဖြင့် နှုတ်မှ လည်း ဆိုရင်း ရေးခြစ်ကာ ဖခင်ကို စောင့်သည် ။

'ဖေကြီးကလည်း တစ်ယောက်ဆိုတော့ တစ်၊ အင်း ... ဖေကြီးကလည်း ကြာလိုက်တာ။ ဖေကြီး တစ်ယောက်တည်း မဟုတ်ပါဘူး။ ဖေကြီးရယ် မေကြီးရယ်၊ မီးရယ် တီတီရယ်ဆိုတော့ လေး၊ လေး ဟုတ်တယ်၊ လေးပုံကို ဘယ်လို ဆွဲရမလဲ'

သံစဉ်နွေးက နှုတ်မှ ပွစိပွစိ ရေရွတ်လေသည် ။

ထိုစဉ် ဆိုင်ကယ်သံ ကြားရလေသည် ။

'ဟာ ဖေကြီး လာပြီ'

မြေကြီး၌ ခြစ်နေသော တုတ်ကလေးကို ပစ်ချလိုက်ပြီး ကွပ်ပျစ်ပေါ် တက်ထိုင်ကာ နှုတ်ခမ်းစူ၍ ထိုင်နေလိုက်သည် ။

စိတ်ကောက်နေတာ။ ဖေကြီးကို စိတ်ကောက်နေတာ။

'ဟင်'

ဆိုင်ကယ်က သံစဉ်နွေးရှေ့နား အရောက်တွင် ရပ်သွားသည် ။ မျက်လုံးပြာတွင်းမှ မျက်ဆန်နက်ကလေးကို ထောင့်ကပ်ကာ ကြည့်လိုက်သည် ။

ဖေကြီး ဆိုင်ကယ်လည်း မဟုတ်ပါလား။ လှလိုက်တာ။ အကြီးကြီးပဲ ။ ဘာဆိုင်ကယ်မျိုး ပါလိမ့်။ စီးချင်လိုက်တာ။

သံစဉ်နွေး စိတ်ထဲ၌ ဖြစ်ပေါ်လာသော အတွေးနှင့် အတူ ငေးကြည့်နေမိသည် ။

'ကလေး'

ဆိုင်ကယ်ပေါ်မှ လူကြီးက ဆင်းလာသောအခါ ခင်ချောချော ဦးဦးတစ်ယောက် ပေါ်လာသည် ။

ဖေကြီးအရွယ်ပဲ ဖေကြီးထက် အသားဖြူပြီး ချောသည် ။

'သမီး ဘယ်သူ့ကို စောင့်နေတာလဲ'

'ဖေကြီး'

'ဖေကြီးက အလုပ် များ နေတယ်။ ဒါကြောင့် ဦးဦး လာကြိုတာ'

သံစဉ်နွေးက စူးစမ်းသော မျက်လုံးဝိုင်းကြီးဖြင့် ဦးဦးကို ကြည့်လိုက်သည် ။ ဦးဦးက ပြုံးပြသည် ။

သံစဉ်နွေး ရင်ထဲ အလိုလို ခင်လာသည် ။ ဦးဦးကို မြင်ဖူးသလိုလိုလည်း ခံစားလိုက်ရသည် ။ ဘယ်မှာ မြင်ဖူးပါလိမ့်။

'မီးကို ပြန်ပို့ပေးမလို့ လား'

'ဒါပေါ့ အကြာကြီး စောင့်နေရမှာ စိုးလို့ ၊ ဦးက လာကြိုပြီး မီးကို ပြန်ပို့ပေးမလို့ ကဲ ... တက်'

ဦးဦးက ခြင်းတောင်းနှင့် ကျောပိုးအိတ်ကို ယူကာ ဆိုင်ကယ် လက်တန်း၌ ချိတ်ဆွဲပေးလိုက်သည် ။

‘ကလေးဆောင်း ဦးထုပ် မရှိဘူး။ ဦးဦး ဦးထုပ်ဆောင်း’

‘ဆောင်းချင်ဘူး မွန်းတယ်’

‘မီးက မွန်းတယ် ဆိုတာကိုလည်း ပြောတတ်တယ်လား’

ဦးဦးက ပါးချိုင့်ကလေးနှင့် သံစဉ်နွေးပါးကြီးကို မနာကျင်စေရန် ခပ်ဖွဖွလေးဆွဲကာ ပြောလိုက်သည် ။

‘ဟာ ဦးဦးမှာ လည်း ချိုင့်ချိုင့် ရှိတယ်။ မီးမှာ လည်း ရှိတယ်။ ဒီမှာ ကြည့်’

သံစဉ်နွေးက ပြုံးပြလိုက်သည် ။ ပါးချိုင့်လေးနှစ်ဖက် ပေါ်သွားလေသည် ။

ဆိုင်ကယ်နှင့်ဦးဦးက ရယ်မောကာ သံစဉ်နွေးကို ပွေ့ချီပြီး ပါးစုံနှစ်ဖက်ကို မွှေးကြူ လိုက်လေသည် ။ နောက်ဆိုင်ကယ်ပေါ် တင်ပေးလိုက်သည် ။

‘ဦးဦးခါးကို ဖက်ထားနော်’

‘ဟုတ်ကဲ့ပါ ... ဖေကြီးကိုလည်း ဖက်နေကျပဲ မီးသိပါတယ်’

‘သိပ်စကားတတ်တယ် သာလိကာလေး’

‘သာလိကာ ဟုတ်ပါဘူး၊ သံစဉ်နွေးပါ’

‘သံစဉ်နွေး ဟုတ်လား၊ မီးနာမည် သံစဉ်နွေးလား’

‘ဟုတ်တယ် သံစဉ်နွေး’

‘ဖေဖေ မေမေ နာမည်ကကော’

‘ဦးဝမ်းကိုကို ဒေါ်မာလာပါ’

‘ဟုတ်ပြီ၊ ကိုင်း ... သွားမယ်၊ ဦးခါးကို တင်းတင်းဖက်နော်’

‘မြန်မြန်မောင်းနော်’

ဦးဦးက သံစဉ်နွေး ကိုယ်လေးကိုပါ သူနှင့်တွဲပြီး ခါးပတ် ပတ်လိုက်သည် ။

နောက် ဆိုင်ကယ် မောင်းထွက်လိုက်သည် ။

‘ဟေး ဒါမှ ဦးဦးကွ’

သံစဉ်နွေးက ကျေနပ်စွာ ဟစ်အော်လိုက်သည် ။ သံစဉ်နွေးသည် ဆိုင်ကယ်ကို မြန်မြန်မောင်းမှ ကြိုက်သည် ။ ဖခင်ကတော့ သူ့ကိုရင်ခွင်ထဲ ထားကာ မောင်းသည် ။ သူ့အတွက် ခေါင်းဆောင်း ရှိသည် ကိုး။ ယခု ဦးဦးက မရှိသေးသဖြင့် ကျောမှာ ထားစီးခြင်း ဖြစ်သည် ။

လေတိုးလှေ့သံ တဟူးဟူးကို နားထောင်ရသည် ကိုလည်း သံစဉ်နွေး သဘောကျလေသည် ။

ဦးဦး ကျောပြင်ကြီးက သံစဉ်နွေးကို ခံတပ်ကြီးသဖွယ် လေ၏ ထိရှမှုကို ကာကွယ် ပေးထားသည် ။

‘ဟေး ဦးဦးကွ’

သံစဉ်နွေးသည် ကားစီးရသည် ကိုလည်း မကြိုက်၊ စက်ဘီးစီးရခြင်းကိုလည်း မကြိုက်၊ ဆိုင်ကယ် စီးရခြင်းကို အလွန် သဘောကျလေသည် ဖြစ်ရာ ပျော်ရွှင်မြူးထူးစွာ လိုက်ပါ သွားလေသည် ။

သိပ်မကြာလိုက်။ ဆိုင်ကယ်က အရှိန်လျှော့ပြီး ရပ်သွားသည် ။

'ဟင်'

သံစဉ်နွေး၏ အိမ်ခြံစည်းရိုးနှင့် မလှမ်းမကမ်း၌ ရပ်လိုက်သည် ။

'အိမ်ထဲဝင်လေ'

'မဝင်တော့ဘူး။ ဦးဦး ကိစ္စရှိတယ်၊ ဦးဦး ပြန်ပို့တယ် မပြောနဲ့ ၊ ပြော ရင် နောက် မီးကို ဦးဦး လာမကြိုတော့ဘူးနော်၊ မီးသူငယ်ချင်းအဖေ လိုက်ပို့ပေးတယ်လို့ ပြော၊ ဟုတ်လား'

'ဟုတ်ကဲ့'

ဆိုင်ကယ်သရဲမလေးက လှပခန့်ညား သစ်လွင်နေသော ဦးဦး၏ ဆိုင်ကယ် အသစ်ကြီးကို မစီးရမှာ အင်မတန် စိုးရိမ်စိတ်ဖြင့် ကတိပေးလိုက် လေသည် ။

ကျောပိုးအိတ်လေး လွယ်ပေး၊ ခြင်းတောင်းကလေး ဆွဲကာ ဘောက်ဆတ် ဘောက်ဆတ်နှင့် ခြံဝင်းအတွင်း ဝင်သွားသော သံစဉ်နွေးကို ဆိုင်ကယ်ကို ခွထိုင်ပြီး စက်နှိုးရင်း ဟဲလ်မက်အောက်မှ ငေးကြည့်နေသော လူ၏ မျက်ဝန်းရိပ်ဝယ် နောက်သို့ လှည့်ကာ လက်ပြလိုက်သော ၅နှစ် ၆နှစ်အရွယ် ချစ်စရာ မိန်းကလေးလေး၏ ပုံရိပ် ပေါ်ပေါက်လာသည် ။ သူ့ လက်လည်း အလိုအလျောက် မြောက်သွားလေသည် ။

နောက် ချက်ချင်းပင် ဆိုင်ကယ်ကို ဝူးခနဲ မောင်းထွက် သွားလေသည် ။

ဆိုင်ကယ်သံ ကြားသဖြင့် အိမ်ထဲမှ နေ၍ သီတာက အပြေးတစ်ပိုင်း ထွက်ကာ ကြိုလိုက်သည် ။

'နွေးလေး ပြန် လာပြီလား'

‘ဟုတ်’

ခြင်းတောင်းနှင့် ကျောပိုးအိတ်ကို ဖြုတ်ကာ ကမ်းပေးလိုက်ပြီး အိမ်ပေါ် ပြေးတက် သွားသည် ။

‘ဟဲ့ ဖေကြီးကော’

‘သိဘူး လာဘူး’

‘ဒါဖြင့် ဘယ်သူနဲ့ ပြန်လာတာလဲ’

‘ဦးဦး၊ ရှုပ်လိုက်တာ ဗိုက်ဆာပြီ မေကြီးရေ’

သံစဉ်နွေးက အဒေါ်ဖြစ်သူ သီတာကို မဖြေချင်ဖြေချင် ဖြေပြီး အမေဖြစ်သူကို လိုက်ရှာလိုက်သည် ။

သီတာက ဘာမှ ထပ်မမေးတော့။

မေးလျှင်လည်း ဤကလေးမလေးက ဖြေလိမ့်မည် မဟုတ်။ ဂျစ်ကန်ကန် ဂျစ်တူးတူးနှင့် အမေ ကျွေးသောမုန့်ကို စားရင်း အင်္ဂျီလဲပေးတာကို ခံယူနေလေသည် ။

‘ဖေကြီးက လာမကြိုဘူးလား သမီး’

‘ကြိုဘူး’

‘ဒါဖြင့် ဘယ်သူနဲ့ ပြန်လာတာလဲ’

‘ဦးဦး ပါဆို’

‘ဘယ်က ဦးဦးလဲ’

‘မီးသူငယ်ချင်း ဖေဖေပေါ့၊ ဒါပဲ ခဏခဏ မေးနေတာပဲ စိတ်ရှုပ် လာပြီ’

‘ညော်၊ အေး အေး မမေးတော့ဘူး၊ စား စား သမီး’

အမေဖြစ်သူ မာလာကလည်း အလျှော့ပေးလိုက် ရလေသည် ။

သိပ်မကြာလိုက်။

သံစဉ်နွေး စားရင်း အိပ်ပျော်သွားသည် ။ ဤကလေးမလေးက ဤအတိုင်းပင်။ အင်မတန် အဆော့မက်လေသည် ။ အကျီအဖြူရောင်သည် ပြန်လာလျှင် ဘာရောင်မှန်း မသိတော့။ သနပ်ခါး လိမ်းပေးလိုက်လျှင်လည်း ကျောင်းက ပြန်လာလျှင် မရှိတော့။

ထိုစဉ် ဆိုင်ကယ်သံ ကြားလိုက်ရသည် ။ ဒေါ်မာလာ ခင်ပွန်းဖြစ်သူ၏ ဆိုင်ကယ်သံကို နားယဉ်နေပြီ ဖြစ်သဖြင့် ချက်ချင်းပင် ထွက်ကြိုလိုက်သည် ။

မှန်သည် ။ ခင်ပွန်းဖြစ်သူက ဆိုင်ကယ်ပေါ်ကပင် မဆင်းဘဲ ခွထိုင်လျက်ကပင်

‘သမီး ပြန်ရောက်ပြီလား’

‘ရောက်ပြီ မောင်၊ သူ့သူငယ်ချင်း အဖေ လိုက်ပို့ပေးတယ် တဲ့ ’

‘အေး ဒါဆိုရင်ပြီးရော မောင်ကိစ္စ ရှိသေးတယ်။ မိုးချုပ်ရင် ချုပ်မယ်၊ စခန်းမှာ အိပ်ရင် အိပ်ရလိမ့်မယ်’

ဤမြို့ကလေးသည် ရာဇဝတ် မှုခင်း မဖြစ်သလောက် နည်းပါးပါလျက် ခင်ပွန်းဖြစ်သူက မအားလပ်အောင် ဖြစ်နေရသည် မှာ ဘာကြောင့်နည်းဟု ဒေါ်မာလာ နားမလည်နိုင် ဖြစ်ကာ

‘ဘာဖြစ်လို့ လဲ မောင်’

‘ပြန်လာမှ ပြောတော့မယ်ကွာ၊ သတိထား ဟိုကောင် ငဇော်အရိပ်ကို

မြင်လိုက်ရတယ်။ ပြဿနာ အလုံးလိုက် အထွေးလိုက် သယ်လာတော့မယ် ခုပဲ စလုံးရေစပြီ။ သွားမယ် မာ နှစ်ယောက်စလုံးကို ဂရုစိုက်'

ဒေါ်မာလာမှာ ခေါင်းညိတ်ရုံမှ အပ အသံပင် မထွက်နိုင်အောင် ဖြစ်သွားရလေသည် ။

ခင်ပွန်း ဒုရဲအုပ် ဦးဝမ်းကိုကို ဆိုင်ကယ် မျက်စိတစ်ဆုံး ပျောက်သွားသည် အထိ ငေးမော ကြည့်ရှု နေမိလေသည် ။

ထိုစဉ် ဧည့်ခန်းတစ်နေရာ၌ အိပ်ပျော်ချင် ဟန်ဆောင်နေသော သံစဉ်နွေး၏ မျက်ဝန်းကလေးက အမေ့ခြေသံ အကြား၌ ပြန်မှိတ်သွား လေတော့သည် ။

***

'ဖေကြီး လာမကြိုဘဲ ဦးဦး လာကြိုရင် ကောင်းမယ်၊ ဦးဦး လာကြိုပါစေ'

သံစဉ်နွေးက ကျောင်းဆင်းသည် နှင့် စိတ်ထဲ တမ်းတ မိလေသည် ။ ကျိတ်၍ ဆုတောင်း မိလေသည် ။

ဖေကြီး ဆိုင်ကယ်က ခပ်စုတ်စုတ်၊ မီးခိုးကလည်း ထွက်ချင်သေးသည် ။ မကြာခဏလည်း ပြင်ရသေးသည် ။

ဦးဦး ဆိုင်ကယ်ကြီးက အရမ်း ကောင်းသည် ။

ကြီးလည်း ကြီး သစ်လည်း သစ်သည် ။ အရောင်ကလည်း အနီနှင့် အနက် စပ်ထားသည် ။ မီးခိုးလည်း မထွက်။

ကျောင်းဆင်းပြီး လူနည်းနည်းပါး သွားစချိန်၌

'ဟော ဦးဦး လာပြီ'

ခပ်လှမ်းလှမ်းက ဆိုင်ကယ်ကို လှမ်းမြင် တွေ့လိုက်ရသည် နှင့် သံစဉ်နွေး ဝမ်းသာ သွားလေသည် ။

သံစဉ်နွေးက လက်ပြကာ တားလိုက်သည် ။ ဦးဦး မမြင်မှာ ကို စိုးရိမ်သည် ။

'ဦးဦး'

တော်သေးသည် ။ ဦးဦး ဆိုင်ကယ်က သူနှင့် မလှမ်းမကမ်း၌ ရပ်သွားလေသည် ။

'ကလေး လိုက်မလား'

'လိုက်မှာ ပေါ့'

ဦးဦးက ဆိုင်ကယ်ပေါ်မှ ဆင်း လာပြီး သံစဉ်နွေးထံ လျှောက်လာပြီး မေးသည် ။

သံစဉ်နွေးက ဝမ်းသာအားရပင် ပြောလိုက်သည် ။ ယခုအချိန်၌ ဖေကြီးကို မေ့သွားသည် ။

မေကြီး မှာ ထားသော

'ဖေကြီး လာမခေါ်ရင် မေကြီး ဖြစ်ဖြစ်၊ တီတီဖြစ်ဖြစ် စက်ဘီးနဲ့ လာခေါ်မယ်နော်။ ဘယ်သူနဲ့ မှ မလိုက်ရဘူး။ မီးမီးကို ဖမ်းသွားပြီး ရောင်းစားလိမ့်မယ်' ဟူသော အမှာ စကားကိုလည်း သတိမရတော့။

ဦးဦး၏ ဆိုင်ကယ် အသစ်ကြီးက သူ့ကို သွေးဆောင် သွားလေပြီ။

'ကဲ တက် မီးအတွက် ဦးထုပ်လေးလည်း ယူလာတယ်'

‘ဟာ လှလိုက်တာ အနီရောင်လေး မီးမီးကြိုက်တဲ့ အရောင်ပဲ’

‘မီးကြိုက်ရင် ယူထားလိုက်’

‘ဟာ ယူထားလို့ မဖြစ်ဘူး ဦးဦး၊ ဖေကြီး ဆူလိမ့်မယ်၊ သူများ ခေါ်တိုင်း မလိုက်ရဘူးတဲ့ ဦးဦးနဲ့ လိုက်တာ ဖေကြီးတို့ သိသွားမှာ ပေါ့၊ မီးရှေ့က ထိုင်မယ်’

‘သဘောပါဗျာ’

သံစဉ်နွေး ပျော်ရွှင် မြူးထူးစွာဖြင့် ဦးဦး၏ ဆိုင်ကယ်သစ်ကြီးပေါ် တက်ပြီး ဦးဦး ရင်ခွင်ထဲထိုင်ကာ လိုက်ပါ သွားလေသည် ။

သံစဉ်နွေး အလိုကျ ခပ်ဝေးဝေးသို့ မောင်းပေးပြီးမှ ပြန်ပို့ပေးလေသည် ။ ကိုင်းတောစပ်နားသို့ ရောက်သောအခါ မျက်စိတစ်ဆုံး ကိုင်းတောကြီးကို တွေ့ရလေသည် ။

ဝါဝင်းနေသော ကိုင်းတောကြီးကို ကြည့်ပြီး သံစဉ်နွေး သဘောကျလေသည် ။ ကိုင်းတော အလွန်၌ မှုန်ပျပျ တောင်ကုန်း တောင်တန်း တစ်ခုကို မြင်တွေ့ လိုက်ရလေသည် ။

‘မီးကို ဟိုတောင်တန်းကြီးဆီ ပို့ပေး’

‘နောက်တော့ ပို့ပေးမယ်၊ ခုဆိုရင် မီးအိမ်က မျှော်နေလိမ့်မယ်’

‘တကယ်လား ဦး’

‘တကယ်ပေါ့’

‘ဘယ်နောက်တော့လဲ’

‘မကြာခင်ပေါ့’

‘မကြာခင် ဆိုတာ ဘယ်နှရက်လဲ’

‘လေး ငါးရက်ပေါ့ သမီးရယ်’

‘အင်း မီးတော့ ဦးဦးကို လွမ်းတော့မှာ ပဲ’

‘ဦးဦးကိုလား ဆိုင်ကယ်ကိုလား’

‘နှစ်ခုစလုံးပေါ့’

‘ဟင်း ဟင်း လူလည်မလေး’

ဦးဦးက အိမ်ဘေးဘက်လမ်းမှာ ချပေးပြီး

‘ဦးဦးလိုက်တယ် မပြောနဲ့ နော်’

‘ဟုတ်ကဲ့ ဦးထုပ်လေး ဦးပဲ သိမ်းထားနော် ရော့’

‘ဟုတ်ကဲ့ပါ ခင်ဗျာ’

အိမ်ဘေးဘက်က မီးခြားလမ်း၌ ဆိုင်ကယ်ရပ်လိုက်ပြီး သံစဉ်နွေးကို ချပေးလိုက်သည် ။ သံစဉ်နွေးသည် အိမ်ဘေးဘက် ခြံစည်းရိုးတံခါးကို တွန်းဖွင့်ကာ ဝင်သွားပြီးနောက် တော့တာ လုပ်ကာ အိမ်နောက်ဖေးတံခါးကို တွန်းဖွင့်ကာ ဝင်သွားလေသည် ။

ထိုအချိန်မှ ဆိုင်ကယ်သံကြားရပြီး ဦးဦး ပြန်သွားသည် ဟု သံစဉ်နွေး နားလည် လိုက်လေသည် ။

***

‘သမီး အိပ်ပြီလား မာလာ’

‘မအိပ်သေးဘူး မောင် သူ့အဒေါ်ကို ကာတွန်း ဖတ်ခိုင်းနေတယ်’

သံစဉ်နွေးသည် အဒေါ်ဖြစ်သူ သီတာကို ကာတွန်း ဖတ်ခိုင်းပြီး နားထောင်နေရာမှ အာရုံသည် အဒေါ်ဖြစ်သူ၏ အသံတွင် မနစ်မျောတော့ဘဲ မိခင်နှင့် ဖခင်ထံသို့ အာရုံရောက် သွားလေသည် ။

‘သမီးကို ဘယ်သူ သွားကြိုသလဲ’

‘သီတာကိုပဲ ကြိုခိုင်းလိုက်တာ မောင် ဒါပေမဲ့ မောင် လွဲသွားတယ်။ သူ့သူငယ်ချင်း အဖေ ဆိုင်ကယ်နဲ့ ပဲ ပြန်လာတယ်တဲ့ ’

‘အင်း ... သမီးကို ဂရုစိုက်ဦး၊ သူ့သူငယ်ချင်း အဖေက ဘယ်သူတဲ့လဲ’

‘ဘယ်မေးလို့ ရမလဲ ... မောင့်သမီး အကြောင်းလည်း မောင်သိသားနဲ့ ဂျစ်ကန်ကန်နဲ့ သူငယ်ချင်းအဖေပါ ဆိုမှ ဦးဦးပေါ့ သိချင်ရင် မေမေလိုက်မေးပေါ့တဲ့ လေ။ ဒါနဲ့ မာလည်း ဆက်မမေး ဖြစ်တော့ဘူး။ ဘာသိဘာသာပဲ နေလိုက်တယ်’

‘ဒါထက် သီတာကော မူမှန်ရဲ့ လား’

နောက်စကားက ခပ်တိုးတိုးပင်။

သို့သော် နားပါးသော သံစဉ်နွေးက ကြားဖြစ်အောင် ကြားပြီး အဒေါ်ဖြစ်သူ မျက်နှာကို လှမ်းကြည့် လိုက်လေသည် ။

အဒေါ်ဖြစ်သူကတော့ တူမ နားထောင်နေသည် အထင်နှင့် ကာတွန်းကို သဲသဲမဲမဲ ဖတ်ပြနေလေသည် ။ သူ့အာရုံသည် ပျံ့လွင့်ပုံ မပေါ်ချေ။

‘မှန်ပါတယ် ဘာမှ သိပုံ မပေါ်ဘူး’

‘ဒါဆို တော်သေးတာပေါ့ ဟိုကောင်ကတော့ ဂြိုဟ်မွှေမှာ ပဲ မောင့်

ကို ဒုက္ခပေးရုံ သက်သက်ဆို ထားပါတော့ မောင့်မိသားစုကိုပါ ဒုက္ခပေးမယ် ဆိုရင်တော့ ...'

'အင်း အဲဒီလောက်တော့ အခြေအနေဆိုးမယ် မထင်ပါဘူး မောင်သူလည်း အခုထက်ထိ အိမ်ထောင် မပြုသေးတာကို သဘောပေါက်မှာပါ မာ စိုးရိမ်တာက ...'

'ရှုတ် မပြောနဲ့ မောင်လည်း အဲဒီတစ်ခုပဲ အစိုးရိမ်ဆုံးပဲ'

သံစဉ်နွေး အားမလိုအားမရ ဖြစ်သွားသည် ။

သူ့မိဘနှစ်ပါးသည် ဘာကို စိုးရိမ်နေကြသနည်း။ သိချင်လာသည် ။

ထို့ကြောင့်

'တီတီ ခဏလေး ခဏလေး'

အဒေါ်လုပ်သူကို ကျော်ခွပြီး ခုတင်ပေါ်မှ ဆင်းခဲ့လေသည် ။

'ဟဲ့ ဘယ်လဲ နွေးနွေး'

သံစဉ်နွေး အရေးမလုပ်။

သူလုပ်ချင်ရာကို ဇွတ်တရွတ် လုပ်တတ်သော ဝသီဆိုးလေးက ရှိနေသည် ။ သံစဉ်နွေး ဧည့်ခန်းသို့ ထွက် လာပြီး ဖခင်ပေါင်ပေါ် တက်ထိုင်လိုက်သည် ။

'ဟော သမီးက မအိပ်သေးဘူးလား'

'မအိပ်ပါဘူး ဖေကြီးတို့ ဘယ်သူ့အကြောင်း ပြောနေတာလဲ'

'လူဆိုးအကြောင်း'

'ဘယ်က လူဆိုးလဲ'

‘ကလေးတွေ ဖမ်းတတ်တဲ့ လူဆိုး ဆိုင်ကယ်တစ်စီးနဲ့ လျှောက်သွားတတ်တယ် သတိထားနော် သမီး မသိတဲ့ လူနောက်ဆို လိုက်မသွားရဘူး’

‘ဟာ တစ်မြို့လုံး ဆိုင်ကယ် စီးနေကြတာပဲ ဖေဖေလည်း စီးတာပဲ မီးက လူဆိုးဆိုတာကို ဘယ်လိုလုပ် သိမှာ လဲ’

‘အင်း ဟုတ်ပါ့ဗျာ ဖေ့သမီးက ဘယ်သိပါ့မလဲ ဖေတို့ ကပဲ ဂရုစိုက်ရမှာ ပေါ့’

‘ဖေကြီးနော် မီး မသိဘဲ လက်ဖက်စားတယ် မီးကိုကျတော့ ကျွေးဘူး’

သံစဉ်နွေးသည် လက်ဖက်ညွန့် လေးများ နှပ်ထားသော လက်ဖက်ကို အင်မတန် ကြိုက်လေသည် ။ လက်ဖက် အသားချည်းပဲ စားတတ်သည် ။ ဗိုက်နာမှာ စိုးသဖြင့် လူကြီးတွေက ဝှက်စားတတ်ရသည် ။ တစ်ဦးတည်းသော သမီးဖြစ်သဖြင့် အလိုလိုက်ခြင်း ကိုလည်း ခံရသူဖြစ်သည် ။

‘အိပ်မပျော်ဘဲ ဗိုက်နာနေပါ့မယ် သမီးရယ် နည်းနည်းပဲ စားနော်’

‘ဟုတ်ကဲ့ပါ မေမေ (၃)ဇွန်းပဲ စားမယ်’

ဒေါ်မာလာက သမီးကို ချစ်ခြင်းများ စွာဖြင့် ကြည့် လိုက်လေသည် ။

သမီး စားနိုင်ရန် ငရုတ်သီးများကို ဖယ်ရှား ပေး လိုက်လေသည် ။

‘ဖေကြီး’

‘ဘာလဲ သမီး’

‘လူဆိုးဆိုတာ ချိုပါလားဟင်’

ဒုရဲအုပ်ဦးဝမ်းကိုကိုသည် ၆နီးသည် ဒေါ်မာလာကို ကြည့်လိုက် လေသည် ။

ဒေါ်မာလာက ပခုံးတွန့်ကာ ပြုံးလိုက်ပြီး သူ့အား မေးငေါ့ ပြ လိုက်လေသည် ။

သူ့ကိုပဲ ဖြေလိုက်ပေတော့ ဟူသည့် သဘောပင်။

ဦးဝမ်းကိုကို သံစဉ်နွေးကို ပွေ့ဖက်ကာ မွှေးကြူလိုက်ပြီး 'လူဆိုးလည်း ချို့ မပါဘူး၊ လူကောင်းလည်း ချို့ မပါဘူး။ ရိုးရိုးမျက်စိနဲ့ ကြည့်ရင် လူဆိုး လူကောင်းဟာ ခွဲခြားဖို့ မလွယ်ဘူး'

'စိတ်မျက်စိနဲ့ ပေါ့ မီးအရှယ်က စိတ်မျက်စိနဲ့ ကြည့်လို့ မရသေးဘူး ကြီးလာမှ သိမယ် ဒါကြောင့် မီးအတွက် ဖေဖေတို့ မေမေတို့ က စိတ်မျက်စိနဲ့ ကြည့်ပေးတဲ့ လူဆိုးကို မပေါင်းနဲ့ နော် ခေါ်တင်လည်း မလိုက်ရဘူး'

သံစဉ်နွေး နားမလည်ချင်တော့။

စိတ်ထဲ၌ ဦးဦးကိုမျှား ပြောနေတာလား။

ဦးဦးက လူဆိုး မဟုတ်ပါဘူး။

ဖေကြီးထက်တောင် ချောသေးတယ်။

ဖေကြီးထက်လည်း ပြုံးတတ်တယ်။ ပါးမှာ လည်း ချိုင့်ချိုင့်လေးနဲ့ ။ ဦးဦးကိုလည်း ချစ်သည် ။ ထို့ကြောင့် ဦးဦးမှာ ထားသော စကားအတိုင်း ဖေကြီးတို့ ကို ဦးဦးအကြောင်း မပြောတော့ဘူးဟု ဆုံးဖြတ်လိုက်သည် ။

'ဖေကြီး မီး အိပ်ချင်ပြီ ချီသိပ်'

ဦးဝမ်းကိုကိုသည် သံစဉ်နွေး အလိုကျ ပခုံးထက်၌ ခေါင်းကလေး

မှေးတင်စေပြီး လမ်းလျှောက်ကာ သိပ်ရလေသည် ။

ရိုးရိုးသိပ်၍ မရ။ နတ်သျှင်နောင် တေးသွားကို လေချွန်ကာ သမီး အိပ်ဆေးအဖြစ် သုံးရသည် ။ အခြား တေးသွားကိုလည်း မကြိုက်ချေ။

×× တပ်တော်ဦးဆီ ×× မျှော်လိုက်ပြန်တော့ ×× ရဲတံခွန်တွေ လေကစား ×× ကြွားတလူလူဝေ ×××

ဒေါ်မာလာသည် သားအဖနှစ်ယောက်ကို ကြည့်ပြီး ပြုံးလိုက်သည် ။

သို့သော်

ရင်နာသော အပြုံးဖြစ်ကြောင်း ကိုတော့ သူ့ကိုယ်သူသာ အသိဆုံး ဖြစ်သည် ။

သမီးလေး သံစဉ်နွေးသည် သူတို့ အားလုံး၏ ချစ်ခြင်း မေတ္တာကို ဒိုင်ခံ သိမ်းပိုက်ကာ အနိုင်ယူထားသူ ဖြစ်လေသည် ။

***

'ဟာ ဦးဦး'

သံစဉ်နွေးသည် လက်ရေးလှ ရေးနေရာမှ ပြီးသွားသဖြင့် ဆရာမထံ ပြရန် ဆရာမစားပွဲကို ကြည့်လိုက်သည် ။

ဆရာမက စားပွဲ၌ မရှိဘဲ တံခါးဝသို့ ရောက်ပြီး လူတစ်ယောက်နှင့် စကားပြောနေသည် ။ ထိုလူကို မြင်လိုက်သည် နှင့် သံစဉ်နွေး ဝမ်းသာသွားသည် ။

ဦးဦး။ ဆိုင်ကယ်သစ်ကြီးနှင့် ဦးဦး။

‘သံစဉ်နွေး ခဏာ’

ဆရာမက လှမ်းခေါ်လိုက်သည် ။

သံစဉ်နွေးက ဝမ်းသာအားရပင် အတန်းရှေ့သို့ ထွက်ပြီး တံခါးဝသို့ လျှောက်သွား လိုက်သည် ။

ပြုံးရွှင်နေသော သံစဉ်နွေးမျက်နှာကို ကြည့်ပြီး

‘ဒီဦးဦးကို သိလား’ ဟူသော မေးခွန်းကို မေးစရာ မလိုတော့ကြောင်း သိလိုက် ရလေသည် ။

သို့သော် ဝတ္တရားရှိသည့် အတိုင်းတော့ မေးလိုက်သည် ။

‘ဒီဦးဦးကို သိသလား သမီး’

‘သိတာပေါ့ မီး ဦးဦးပဲဟာ’

‘ဒါဆို ဦးဦးနဲ့ ပြန်လိုက်သွားတော့’

‘မီး လက်ရေးလှပြီးပြီ ခြစ်ပေးဦးလေ ဆရာမ ... ဗဲရီးဂွတ်ပေးနော်’

‘သြော် အေး အေး သံစဉ်နွေးက စာသိပ်တော်တာပဲ လက်ရေးလည်း လှတော့ ပေးရမှာ ပေါ့’

သံစဉ်နွေးက ယူလာသော လက်ရေးလှစာအုပ်ကို ဆရာမလက်ထဲ ထည့်ပေးပြီးနောက် သူ့စားပွဲသို့ပြန် ကျောပိုးအိတ်နှင့် ခြင်းတောင်းကို ယူကာ ပြန်ထွက်ခဲ့သည် ။ ဆရာမက အမှတ်ခြစ် ပေးလိုက်သော စာအုပ်ကိုလည်း ယူလိုက်သည် ။

ဦးဦးက သူ့ကျောပိုးအိတ်နှင့် ခြင်းတောင်းကို လှမ်းယူပြီးနောက် သံစဉ်နွေးကိုပါ ချီပိုးလိုက်သည် ။

ကျောင်းပြင်ပ ခြံဝင်းတံခါး၌ ရပ်ထားသော ဆိုင်ကယ်ပေါ်သို့ သံစဉ်နွေးကို တင်ပေးလိုက်သည် ။ သံစဉ်နွေးအတွက် ရည်စူးထားပုံရသော ဟဲလ်မက်ကိုလည်း ဆောင်းပေးလိုက်သည် ။

'ဦးဦးက ကျောင်းတောင် မဆင်းသေးဘဲ လာခေါ်တယ်နော်'

'ဒါပေါ့ ကလေးရဲ့ ... မီးပဲ ဟိုတောင်တန်းကြီးတွေကို သွားချင်တယ် ဆိုတော့ အချိန်နည်းနည်း စောမှ ဖြစ်မှာ ပေါ့ဗျာ'

သံစဉ်နွေး ပျော်မြူးသွားသည် ။

ယခုအချိန်၌ သံစဉ်နွေး ဘာကိုမှ သတိမရတော့။

သံစဉ်နွေး သိသည် က ဦးဦးနှင့် ဆိုင်ကယ်သစ်ကြီးနှင့် တောင်တန်းကြီးပေါ်သို့ တက်ခွင့်ရမည်။ တောင်တန်း တောင်စွယ် ပေါ်မှ နေ၍ သူတို့ နေထိုင်ရာ မြို့ကလေးကို လှမ်းကြည့်ချင်သည် ။ မြို့ကို ရောက်ကာစ ဖေကြီး တစ်ခါပဲ လိုက်ပို့ပေးဖူးသည် ။

နောက်တော့ တစ်ခါမှ လိုက်မပို့ပေးတော့ပေ။ ပို့ပေးတုန်းကလည်း ဖေကြီး၏ ဆိုင်ကယ် ဖွတ်ချက် ဖွတ်ချက်က ပျက်နေသေးသည် ။

သံစဉ်နွေးလည်း မပူဆာတော့။

မေကြီးကလည်း မပူဆာတော့သဖြင့် ဖေကြီးကလည်း လိုက်မပို့ပေးတော့။

ယခုမှ သံစဉ်နွေး အတွက် ဆန်းသစ် သွားသည် ။

ဆိုင်ကယ် အသစ်ကြီးနှင့် ဝူးခနဲ တောင်တန်းပေါ် တက်ရမည့်အရေး ပျော်ရွှင်နေမိသည် ။

ဦးဦး ဆိုင်ကယ်စီး ကျွမ်းကျင်ရုံမက မြန်ဆန်သည် ။ ဝူးခနဲ ဝူးခနဲ

လေတိုးသံက အာကာသ လွန်းပျံယာဉ်ထဲ ရောက်နေသည့်ပမာ စိတ်ကူးယဉ် ကြည့်သည် ။

တောင်ကုန်းမြင့်လေးပေါ် အရှိန်နှင့်တက်၊ အရှိန်နှင့် စီးသည့်အခါ ဘီးနှင့်လမ်းမှ ထိတွေ့မှု ရှိပါလေစဟု သံစဉ်နွေး တွေးကာ ဟေးခနဲ၊ ဟေးခနဲ ဟျော်ရွှင် နေမိလေသည် ။

တောင်ပေါ် ရောက်ပြီ။ လေတိုးဝှေ့မှုကို ခံထားရသဖြင့် ရပ်တည်ခြင်းကိုပင် သိပ်မစွမ်းဆောင်နိုင်။

ဦးဦးက ချိုပိုးကာ မြက်ခင်းစိမ်းလေးဆီ ခေါ်သွားသည် ။

မြက်ခင်းပေါ် ဦးဦးက ထိုင်ချလိုက်သည် ။ သံစဉ်နွေးကို ပေါင်ပေါ် တင်ထားပြီးနောက် ဂျာကင်အိတ်ထဲမှ ချောကလက် ထုတ်ကျွေးရာ ...

'ကြိုက်ဘူး'

'ဒါဖြင့် ဘာကြိုက်လဲ'

'ဦးဦးက မီးကြိုက်တာ မသိဘူးလား'

'ဘယ်သိမလဲ မီးရဲ့ '

'ဦးဦးက ညံ့တာပဲ'

'ဟုတ်ပါတယ်ခင်ဗျာ ဦးဦးက ညံ့ပါတယ် ကဲ တော်တဲ့ မီးမီးကပဲ ပြော ဘာကြိုက်တယ် ဆိုတာ'

'သစ်တော်သီး'

'ဟင်'

ဦးဦးက ဟင်ခနဲ ဖြစ်ပြီး သူ့အား တအံ့တသြ ကြည့်လိုက်သည် ကို သံစဉ်နွေးကလည်း စူးစမ်းသော မျက်ဝန်းဝိုင်းကြီးဖြင့် ပြန်ကြည့်လိုက်

သည် ။ နှုတ်မှ လည်း

'ဘာဟင်လဲ ဦးဦး'

လူကြီးသဖွယ် စကားတတ်သော လူရိပ်လူကဲကို သိသော သံစဉ်နွေး ကို ကြည့်ကာ ဆိုင်ကယ်ပိုင်ရှင် ဦးဦးက ...

ဂျာကင်အင်္ကျီအိတ် အတွင်းမှ သစ်တော်သီး တစ်လုံးကို ထုတ်ပြ လိုက်လေသည် ။

'ဟင် ရတာ ဦးဦးနဲ့ အကြိုက်တူလို့ ပေါ့ မီးရဲ့ '

'ဟာ အကြီးကြီးပဲ'

'နေဦး ... ဦးဦး အခွံခွာပေးမယ် အခွံမှာ အဖန်ဓာတ် ရှိတယ်'

'ရပါတယ် မီးက ဒီအတိုင်း တရွတ်ရွတ် ဝါးစားရတာ ကြိုက်တာ'

'ဟုတ်ပါတယ် တရွတ်ရွတ်ပဲ ဝါးစားပါ ဒါပေမဲ့ ဦးကတော့ အခွံ လေး ခွာပေးမယ် အလုံးလိုက် တရွတ်ရွတ် စားပေါ့'

ဦးဦးသည် ဂျာကင်အိတ်ထဲမှ ဓားတစ်လက် ထုတ်လိုက်သည် ။ ခလုတ် နှိပ်လိုက်သည် နှင့် ထောက်ခနဲ မြည်သွားပြီး ဓားသွားလေး ပေါ်လာ သည် ။ ဦးဦး အခွံခွာပုံကို သံစဉ်နွေး သေချာစွာ ကြည့်မိလေသည် ။

အခွံတစ်ဖတ်တည်း ကျလာသည် ။

'ရော့ မီးအတွက် ဆွဲကြိုး'

ဦးဦးက အခွံဖတ်ကို သံစဉ်နွေး လည်ပင်းကို ပတ်ပေးလိုက် လေသ ည် ။

သံစဉ်နွေး သဘောကျစွာ ခိုးခိုးခစ်ခစ် ရယ်လေသည် ။

ဦးဦးက ရေဘူးပြားလေး ထုတ်ကာ ရေအနည်းငယ် ဆေးပြီး သစ်တော်သီးကို သံစဉ်နွေးအား ကျွေးသည် ။

သံစဉ်နွေး လွန်စွာ သဘောကျလေသည် ။ စားဖူးသမျှ သစ်တော်သီးတွေ အထဲ၌ ဤအသီးသည် အချိုဆုံးနှင့် အရည် အရွှမ်းဆုံးဟု ထင်သည် ။

‘အား ချိုလိုက်တာ ဦးကော စားလေ’

‘စားပါဗျာ ဦးဦးက မဆာပါဘူး မီးအတွက် တမင် ယူလာပေးတာ’

‘ကျေးဇူးပါတယ်ရှင်’

ဦးဦးက သံစဉ်နွေးကို သဘောကျစွာဖြင့် ခေါင်းကလေးကို အသာလေး ပုတ် လိုက်လေသည် ။

‘ဦးဦး’

‘ဘာလဲ ကလေး’

‘ဟိုဟာကြီးက ဝါထိန်နေတာပဲ ဘာကြီးလဲဟင်’

‘ကိုင်းတောကြီးလေ သမီး’

‘အကြီးကြီးပဲနော် အဲဒီထဲမှာ အိမ်တွေ ရှိဘူးလားဟင်’

ဦးဦးက ရယ်လေသည် ။ ဘာကြောင့်ရယ်မှန်း ကိုတော့ သံစဉ်နွေး မသိပေ။

‘မီးက သဘောကျလို့ လား’

‘ကျလို့ ၊ တူတူပုန်းတမ်း ကစားချင်တယ် ဒါဆို မီးကို ရှာတွေ့မှာ မဟုတ်ဘူး ’

‘ဟုတ်လား မီးနဲ့ ဦး တူတူပုန်းတမ်း ကစားကြမယ် ဒီကအပြန် ဦးဦး မီးကို အဲဒီ ကိုင်းတောကြီးထဲက ဖြတ်ခေါ်သွားမယ် ဒါပေမဲ့ ဒီလိုသွား တာကို ဘယ်သူ့ကိုမှ ဖေဖေ မေမေ အားလုံး ဘယ်သူ့ကိုမှ မပြောပါဘူး ဆိုတဲ့ ကတိ ပေးရမယ်’

‘ပြောပါဘူး ဦးရဲ့ ပြောရင် ဦးဦးနဲ့ ဒီလို ဘယ်လိုက်လို့ ရတော့မလဲ မီး သိပါတယ်’

သံစဉ်နွေး အဖြေကို ဦးဦး သဘောကျစွာ ခေါင်းညိတ် လိုက်သည် ။

‘ဟုတ်တယ် မီးမီးဟာ သိပ်တော်တဲ့ ကလေး တစ်ယောက်ပဲ ဒါကြောင့် ဦးဦးက မီးမီးဆီကို မလာဘဲ မနေနိုင်တာပေါ့’

‘ဦးဦး အမြဲလာနော်’

‘အမြဲတော့ မလာဘူး ဒါပေမဲ့ မကြာခဏတော့ လာမယ် သမီး၊ သမီး ဘက်ကသာ ကတိတည်ပါစေ’

‘တည်တယ် တည်တယ်’

သံစဉ်နွေးက လက်မလေး ထောင်ပြလိုက် လေသည် ။

ဦးဦးကလည်း လက်မကလေး ထောင်ပြီး သံစဉ်နွေး၏ လက်မ သေးသေးလေးနှင့် လာရောက် ထိကပ် လိုက်လေသည် ။

သံစဉ်နွေး သစ်တော်သီးတစ်လုံး ကုန်သွားချိန်၌

‘လာ သမီး စာခြောက်ရုပ်လုပ်ပြီး ဦးဦးတို့ ကိုင်းတောထဲက ဖြတ်ကြမယ်နော် မီးဖြတ်ရဲပါ့မလား’

‘ဖြတ်ရဲတယ် မီး သွားချင်နေတာ’

‘မီး ကိုယ်လက်တွေ ကိုင်းပင်နဲ့ မရှရအောင် ဦးဦးအင်္ကျီကို ဝတ်ထား

ရမယ်’

‘ဝတ်မယ်’

သံစဉ်နွေးသည် သူ့ရုပ်ကိုမှန်ထဲ မမြင်ရသော်လည်း ... ဂြိုဟ်သားနှင့် တူနေမည်ဟု သိလိုက်သည် ။

ဦးဦး ဂျာကင်ကြီးက ခြေထောက်အထိ ကာကွယ် ပေးထားသည် ။ သူ့ဆိုင်ကယ်စီး ဦးထုပ်ကလည်း လည်ပင်းနှင့် ခေါင်းတစ်ခုလုံး အကာအကွယ် ပေးထားသည် ။

‘ဝါး ဟား ဟား’

‘အမယ်လေးဗျာ ... လန့်လိုက်တာ စာခြောက်ရုပ်လား ဂြိုဟ်သားလား’

‘ဂြိုဟ်သား စာခြောက်ရုပ်’

‘ဟုတ်ပါ့ဗျား ဟုတ်ပ ကိုင်း ... ဦးဦးတို့ ကမ္ဘာသစ်တစ်ခုကို ဖြတ်ကျော်သွားမယ် သတ္တိရှိပါစေနော်’

‘ဟုတ်’

သံစဉ်နွေး ဘယ်သောအခါမှ မေ့နိုင်မည် မဟုတ်သော အိပ်မက်ကမ္ဘာ တစ်ခုကို ဖြတ်သန်း သွားသည့်အလား ခံစားရသည် ။

တောင်ကုန်းပေါ်မှ အဆင်း ကိုင်းတောကြီးထဲသို့ ဦးဦးက ဖြတ်သန်း မောင်းချသွားသည် ။

သံစဉ်နွေးတို့ ဆိုင်ကယ် အမြင့်ထက် ကိုင်းပင် အမြင့်ဖျားက ပို၍ မြင့်လေရာ ဒီအချိန်၌ လူပေါင်း ထောင်သောင်းများ စွာ လိုက်ရှာပါစေ ဦးဦးနှင့် သံစဉ်နွေးကို ဘယ်သူမှ ရှာဖွေတွေ့နိုင်လိမ့်မည် မဟုတ်ဟု သံစဉ်

နွေး ကောင်းစွာ ယုံကြည်လေသည် ။

'ဟေး ဟေး ဟေး'

ပျော်ရွှင်လွန်းသဖြင့် တဟေးဟေး အော်ဟစ်ကာ ကိုင်းတောကြီး ဝက်ပါထဲမှ ဖြတ်သန်းရခြင်းကို သံစဉ်နွေး၏ တစ်သက် မေ့ပျောက်နိုင်ခြင်း ရှိ မရှိ (ဖ)နှစ်အရွယ် လူမမယ်ကလေး၏ အာရုံ၌ စွဲ ထင်နိုင်စွမ်းအပေါ် မူတည်လိမ့်မည်ဟု ။

***

သီတာ စိန်ပန်းပြာပင်ရင်းမှ ခုံတန်းလျားလေးပေါ်၌ ထိုင်ရင်း သိုးမွေးထိုး နေလေသည် ။

သီတာ၏ လက်ချောင်းလေးများက နှစ်ချောင်းထိုး အပ်တံကို ကိုင် တွယ်ကာ လှုပ်ရှား နေရသော်လည်း မျက်ဝန်းကတော့ သံစဉ်နွေး ကျောင်းပြန်လာရာ လမ်းဆီသို့ မျှော်ကြည့် နေလေသည် ။

လက်ပတ်နာရီက သံစဉ်နွေး ပြန်လာချန်ကို ညွှန်ပြလေပြီ။

ဆိုင်ကယ်သံ ကြားရသည် ။ ခဲအိုး၏ ဆိုင်ကယ်သံ မဟုတ်မှန်း သိသဖြင့် ထမကြိုမိ။ ခပ်လှမ်းလှမ်း၌ ဆိုင်ကယ် ရပ်သွားပုံရသည် ။

သံစဉ်နွေး ပြန်လာခြင်း မဟုတ်နိုင်။

သိုးမွေး ဆက်ထိုး နေလိုက်သည် ။

သို့သော် မျက်ဝန်းရိပ်၌ ကျောပိုးအိတ် တစ်ဖက်၊ ခြင်းတစ်ဖက်ဆွဲ ကာ ယိုင်တိယိုင်တိုင် လျှောက်လာသော တူမသံစဉ်နွေးကို လှမ်းတွေ့လို

က်ရသည် ။

‘အဲတော့ နွေးလေး’

ထိုးလက်စ သိုးမွေးကို ခြင်းတောင်းထဲ ထည့်ခဲ့ပြီး တူမ သံစဉ်နွေးကို ပြေးကြိုရလေသည် ။

မလှမ်းမကမ်းမှ ဆိုင်ကယ်သံ ကြားရပြီး ကျောခိုင်းသွားသော ဆိုင်ကယ်အနီကို လှမ်းတွေ့လိုက်ရသည် ။

‘ဖေကြီး လာမကြိုပြန်ဘူးလား’

‘ဟုတ်တယ် ... ဖေကြီးက အမြဲ အလုပ်များ နေတာပဲ မီးကိုချိုပါ တီတီရာ’

တူမသည် တစ်ခါတစ်ရံ ချဲခိုင်းတတ်သည် ။

တူမ၏ အချွဲကို လိုလိုလားလာပင် ခံယူချင်သော သူကလည်း နှစ်ခါ မပြောရ။ တူမကို ချီပြီး ဖြစ်နေသည် ။

ဒေါ်မာလာကလည်း ဆင်း လာပြီး သမီး၏ ကျောပိုးအိတ်နှင့် ခြင်းတောင်းကို ယူ လိုက်လေသည် ။

‘အဲတော် မမသမီးက အိပ်ချင်နေပါလား’

‘သိပ်လိုက်တော့ ရေဝတ်လေးပဲ ခြေလက် သုတ်သင်ပေးလိုက် ဘယ်လောက်တောင် ဆော့ထားခဲ့သလဲ မသိပါဘူး’

သီတာက တူမကို ခုတင်ထက်၌ အသာပွေ့ကာ နေရာချ သိပ်လိုက်သည် ။

ထိုစဉ် အစ်မလုပ်သူ ဒေါ်မာလာက ရေနွေးစပ်ထားသော ဇလုံလေးနှင့် မျက်နှာသုတ်ပဝါလေး ယူလာသည် ။

အိပ်နေသော သံစဉ်နွေးကို ရေဝတ်တိုက်၊ အဝတ်အစား လဲပေးလိုက်သည် ။

ညနေ(၄)နာရီ ထိုးကာနီးမှ အိပ်သော သံစဉ်နွေးသည် ည(၇)နာရီ လောက်မှ နိုးလိမ့်မည်။

နိုးလာလျှင် ထမင်းစား၊ အိမ်စာလုပ်၊ စကားတွေပြောပြီး ပြန်အိပ်လိမ့်မည် ဖြစ်သည် ။

အမှန်တော့ ဆိုင်ကယ်ခရီး ဝေးဝေးကို စီးလာသော သံစဉ်နွေးသည် ပင်ပန်းမှုဒဏ်ကြောင့် နုံးခွေကာ အိပ်ပျော်သွားခြင်း ဖြစ်ကြောင်းကိုတော့ မိခင်နှင့် အဒေါ်ကတော့ မသိရှာပေ။

ထိုစဉ် ဒုရဲအုပ်ဦးဝမ်းကိုကို ပြန် လာလေသည် ။

'သမီး ရောက်ပြီလား'

'ရောက်ပြီ မောင် ခုပဲ အိပ်ပျော်သွားတယ်'

'အေး ရောက်ရင် ပြီးရော ဟိုကောင်ငဇော်တော့ တို့ မြို့ကို လာမွှေနေပြီ မိသီတာ ညည်းလည်း ကျပ်ကျပ် သတိထားနေ သွားဦးမယ် ညစာစား မစောင့်နဲ့ တော့'

ဒေါ်မာလာတို့ ညီအစ်မမှာ ဘာစကားမှ မတုံ့ပြန်လိုက်နိုင်မှ ဦးဝမ်းကိုကိုက ပြန်ထွက် သွားလေသည် ။

သီတာ မျက်စိမျက်နှာ ပျက်သွားပြီး အိမ်ပေါ်မှ ဆင်းခဲ့သည် ။

နောက် စိန်ပန်းပြာပင် အောက်မှ ခုံတန်းလျားလေးဆီသို့ ပြန် လာလေသည် ။

သိုးမွေးခြင်းလေး ရှိနေသည် ။

သံစဉ်နွေးအတွက် ထိုးလက်စ သိုးမွေးဆွယ်တာ အင်္ကျီလေးကို ဆက်ထိုးလိုက်သည် ။

သို့သော်

သီတာ့စိတ်အလျှဉ်သည် လွန်ခဲ့သော (၇)နှစ်ခန့်က ကာလဆီသို့ ပြန်လည် ရောက်ရှိသွားသည် ။

***